


**သမ္မာကျမ်းစာ ပြောသည်ကား--ကောင်းကင်နိုင်ငံသို့သွားရာ လမ်းတသွယ်သာ ရှိ၏**

ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်း ဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော် ထံသို့ မရောက်ရ။ (ယော ၁၄း၆)

**သင့်ကို ကယ်တင်နိုင်သောသူအခြား မရှိပါ။**
**ယနေ့ပင် သခင်ယေရှုကို ယုံကြည်လက်ခံပါ။**

အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကိုသေခြင်းမှထမြောက်စေတော်မူ ပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။(ရောမ ၁၀း၉)

(၁) သင်သည်အပြစ်သားဖြစ်ကြောင်းကို ဝန်ခံပါ။ (ရောမ ၃း၁၀)
(၂) အပြစ်မှ နောင်တရဖို့အလိုရှိပါ။ (တမန် ၁၇း၃၀)
(၃) သင်၏အပြစ်ကြောင့် ယေရှု ခရစ်တော် အသေခံပြီးနောက် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူသည်ကို ယုံကြည်ပါ။ (ရောမ ၁၀း၉)
(၄) ကိုယ့်ရဲ့ကယ်တင်ရှင် ဖြစ်လာနိုင်ရန် သင့်ဘဝအသက်တာ၌ ဆုတောင်းခြင်းဖြင့် ယေရှုကို ဖိတ်ခေါ်ပါ။ (ရောမ ၁၀း၁၃)

**ဆုတောင်းရမည်မှာ**

ချစ်သော ဘုရားသခင်၊ ကျွန်တော်သည် အပြစ်သား တယောက်ဖြစ်ပါ၏။ ခွင့်လွှတ်ခြင်းကို လိုအပ်ပါ၏။ အကျွန်ုပ် အပြစ်ကြောင့် ခရစ်တော်၏ အသွေးတော်မြတ်ကို သွန်းလောင်းပြီး အသေခံတော်မူခြင်းကို ကျွန်တော် ယုံကြည်ပါ၏။ အပြစ်ထဲမှပြောင်းလဲရန် ကျွန်တော်လိုချင်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်စိတ်နှလုံးထဲမှာ လာရောက်လျက် ကျွန်ုပ်ကယ်တင်ရှင်အဖြစ် ကျိန်းဝပ်တော်မူပါ။

**ယေရှု ခရစ်တော်ကို မိမိကယ်တင်ရှင် အဖြစ် ယုံကြည်ကိုးစားရင် ကိုယ်တော်နှင့် အတူရှိ၍ အံ့ဖွယ်ရာအသက်တာသစ် စတင်တယ်။ ယခု ....**

(၁) ယေရှုကို ပိုမိုသိရှိနိုင်ဘို့ ကျမ်းစာကို နေ့စဉ်ဖတ်ရှု လေ့လာပါ။
(၂) နေ့တိုင်း ဆုတောင်းခြင်းဖြင့် ဘုရားသခင်ကို စကားပြောပါ။
(၃) နှစ်ခြင်းခံယူပါ၊ ဝတ်ပြုကိုးကွယ်ပါ၊ အခြားခရစ်ယာန်ကို ကူညီပါ၊ မိတ်သဟာဖွဲ့ပါ၊ သမ္မာကျမ်းစာ လေ့လာပါ။
(၄) ယေရှုခရစ်တော်၏အကြောင်းကို အခြားသောသူအား ကြားပြောပါ။